၂၀၀၇ ခုနှစ်၊ မေလ (၂၇)ရက်နေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၊ ၈၈ မျိုးဆက်ကျောင်းသားများ၊ ပြည်သူများ၏ အဖွဲ့ချုပ်ရုံးရှေ့တွင်ပြုလုပ်သည့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးအတွက် ဟောပြောပွဲနှင့်ဝတ်ပြုဆုတောင်းပွဲတွင် . . .

## " ပြည်သူလူထု၏သန္နိဋ္ဌာန်ချက်။ "

အားလုံး ကြွလောက်လာကြတဲ့ ဒီမိုကရေစီမြတ်နိုးတဲ့ ကျွန်တော်တို့ရဲ့ပြည်သူအပေါင်းတို့ . . .

ဒီကနေ့ဟာဆိုရင် ကျွန်တော်တို့ရဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အကျဉ်းကျခံထားရတာ လေးနှစ်ပြည့်မြောက်တဲ့နေ့ ဖြစ်ပါတယ်။ အဲဒီအကျဉ်းကျခံထားရမှုဟာ တရားသလား၊ မတရားဘူးလားဆိုတာ အားလုံး ပြည်သူတွေသိပါတယ်။

(မတရားပါဘူး၊ မတရားပါဘူး။ မတရားပါဘူး၊ မတရားပါဘူး။)

ကောင်းပြီ ကျွန်တော်တို့တတွေ ဒီနေရာမှာ လက်နက်မပါဘဲနဲ့ ငြိမ်းချမ်းစွာလာပြီး စုဝေးနေကြတယ်ဆိုတာ အမှန်တရားအတွက် မတရားရင်ခေါင်းငုံမခံဘူးဆိုတဲ့ စိတ်ဓာတ်နဲ့ ဟုတ်တယ်မဟုတ်လား။

(ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။)

ကျွန်တော်တို့အားလုံး ဘဝများစွာ စတေးခဲ့ပြီးပြီ။ လမ်းတွေပေါ်မှာ အသက်ပါပေးခဲ့ပြီးပြီ။ ကျွန်တော်တို့ကို ဘယ်ခြိမ်းခြောက်မှုမျိုးနဲ့မှ ခြိမ်းခြောက်လို့ ကြောက်မယ့်သူလား။

(မကြောက်ဘူး၊ မကြောက်ဘူး၊ မကြောက်ဘူး၊ မကြောက်ဘူး။)

အဲဒါကို သက်ဆိုင်ရာအာဏာပိုင်တွေ သဘောပေါက်ပါ။ ပြည်သူလူထု အရေခြုံထားတဲ့ လူလိမ်လူညာတွေ နားလည်ပါ။ ကမ္ဘာ့နိုင်ငံက ကမ္ဘာ့ပြည်သူတွေအားလုံးအသိအမှတ်ပြုဖို့ ကျွန်တော်တို့ သတ္တိရှိတယ်ဆိုတာကို ပြမယ် မဟုတ်လား။

(ပြမယ်၊ ပြမယ်၊ ပြမယ်၊ ပြမယ်။)

သတ္တိရှိတယ်ဆိုတာဟာ . . .

(လက်ခုပ်သံများ။)

ကျွန်တော်တို့ သတ္တိရှိတယ်ဆိုတာကို ပြဖို့ဆိုရင် ဒီကနေ့ ကျွန်တော်တို့ ငြိမ်းချမ်းစွာ ဝတ်ပြုဆုတောင်းမှုကို ဘယ်သူတွေ ခွင့်ပြုပြု၊ မပြုပြု ဟောဒီနေရာကနေပြီးတော့၊ ရွှေတိဂုံဘုရားကိုဦးတည်ပြီးတော့၊ ဝတ်ပြုဆုတောင်းပွဲ လုပ်မယ်။ သဘောတူလား။

(တူပါတယ်၊ တူပါတယ်၊ တူပါတယ်၊ တူပါတယ်။)

အဲဒီလို ဝတ်ပြုဆုတောင်းပွဲလုပ်ခြင်းအပေါ်မှာ မည်သို့သော အာဏာပိုင်အဖွဲ့အစည်းကဖြစ်ဖြစ်၊ မည်သည့် အရေခြုံအဖွဲ့အစည်းကဖြစ်ဖြစ် ကျွန်တော်တို့အပေါ်မှာ ကြိုက်သလိုခြိမ်းခြောက်နိုင်တယ်။ ကြိုက်တဲ့အရေးယူမှုမျိုးကို လုပ်နိုင်တယ်။ ကျွန်တော်တို့ တည်တည်ကြည်ကြည် သတ္တိရှိရှိ ရင်ဆိုင်ရဲတယ်မဟုတ်လား။

(ရင်ဆိုင်ရဲတယ်၊ ရင်ဆိုင်ရဲတယ်၊ ရင်ဆိုင်ရဲတယ်။)

ကျွန်တော်တို့ဟာ ငြိမ်းချမ်းတဲ့ နည်းနဲ့၊ အကြမ်းမဖက်တဲ့ နည်းနဲ့၊ တလျှောက်လုံးကျင့်သုံးခဲ့တာ အားလုံး အသိပါ။ ဒီကနေ့လဲ စည်းကမ်းရှိရှိနဲ့ ကျွန်တော်တို့လုပ်ချင်တဲ့အလုပ်၊ ကျွန်တော်တို့ရဲ့ တရားမျှတတဲ့အလုပ်အတွက် ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ နိုင်ငံရေးအကျဉ်းသားတွေအားလုံး လွတ်မြောက်ရေးအတွက် ဟောဒီ ရွှေဂုံတိုင်လမ်း ကမြေပေါ်မှာ သစ္စာပြုပြီးတော့ သက်သေတည်ခဲ့မယ် သဘောတူလား။

(တူပါတယ်၊ တူပါတယ်၊ တူပါတယ်။)

လေးစားအပ်တဲ့ ပြည်သူလူထုကြီးခင်ဗျာ . . .

ကျွန်တော်တို့ရဲ့ခေါင်းဆောင်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေဟာ မတရားဖမ်းဆီးခံနေရတယ်ဆိုတာ အားလုံးသဘောတူပြီးဖြစ်တဲ့အတွက် သူတို့ရဲ့လုပ်ရပ်တွေကို ကျွန်တော်တို့ဂုဏ်ယူနေကြောင်း၊ ကျွန်တော်တို့ သူတို့ နဲ့တစ်သားတည်းရှိကြောင်း၊ သူတို့ရဲ့ ရဲစွမ်းသတ္တိနဲ့ အနစ်နာခံမှု၊ စွန့်လွှတ်မှုတွေကို လေးစားဂုဏ်ပြုကြောင်း ပြကြ မယ်မဟုတ်လား။

(ပြမယ်၊ ပြမယ်၊ ပြမယ်။)

ကျွန်တော် တိုင်ပေးပါ့မယ် . . .

ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ (ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ) နိုင်ငံရေးအကျဉ်းသားအားလုံး (နိုင်ငံ ရေးအကျဉ်းသားအားလုံး) ကြားပါစေသား (ကြားပါစေသား) သိပါစေသား (သိပါစေသား) အများအတွက် (အများ အတွက်) တိုင်းပြည်အတွက် (တိုင်းပြည်အတွက်) ကိုယ်ကျိုးစွန့်၍ (ကိုယ်ကျိုးစွန့်၍) အနစ်နာခံ၍ (အနစ်နာခံ၍) နိုင်ငံရေးလုပ်၍ (နိုင်ငံရေးလုပ်၍) မိမိယုံကြည်ချက်အတွက် (မိမိယုံကြည်ချက်အတွက်) အကျဉ်းထောင်များ၌ (အကျဉ်းထောင်များ၌) နေအိမ်များ၌ (နေအိမ်များ၌) မတရားဖမ်းဆီးခံနေရသော (မတရားဖမ်းဆီးခံနေရသော) သူရဲ ကောင်းအပေါင်းအား (သူရဲကောင်းအပေါင်းအား) ငါတို့ပြည်သူလူထုကြီးက (ငါတို့ပြည်သူလူထုကြီးက) ဦးညွှတ် လိုက်ပါတယ် (ဦးညွှတ်လိုက်ပါတယ်) ဂုဏ်ပြုလိုက်ပါတယ် (ဂုဏ်ပြုလိုက်ပါတယ်)။

သင်တို့ရဲ့စွန့်လွှတ်မှုများကို (သင်တို့ရဲ့စွန့်လွှတ်မှုများကို) ငါတို့အတုယူရင်း (ငါတို့အတုယူရင်း) သင်တို့ရဲ့ လုပ်ဆောင်မှုများအတိုင်း (သင်တို့ရဲ့လုပ်ဆောင်မှုများအတိုင်း) ငါတို့လဲပေးဆပ်ဖို့ (ငါတို့လဲပေးဆပ်ဖို့) အဆင်သင့်ရှိ နေပါပြီ (အဆင်သင့်ရှိနေပါပြီ) မြင့်မြတ်တဲ့ (မြင့်မြတ်တဲ့) တော်လှန်ရေးရဲဘော်အပေါင်းတို့ (တော်လှန်ရေးရဲဘော် အပေါင်းတို့) တို့တိုင်းတို့ပြည် (တို့တိုင်းတို့ပြည်) ဒီမိုကရေစီရှိမှ (ဒီမိုကရေစီရှိမှ) လူ့အခွင့်အရေးရမှ (လူ့အခွင့် အရေးရမှ) ကမ္ဘာ့အလယ်မှာ (ကမ္ဘာ့အလယ်မှာ) ဂုဏ်သိက္ခာမြင့်မားသော (ဂုဏ်သိက္ခာမြင့်မားသော) လူမျိုးနဲ့တိုင်း ပြည်အဖြစ် (လူမျိုးနဲ့တိုင်းပြည်အဖြစ်) ရပ်တည်နိုင်မှာမို့ (ရပ်တည်နိုင်မှာမို့) ဒီမိုကရေစီရသည်အထိ (ဒီမိုကရေစီရ သည်အထိ) ငါတို့အားလုံး (ငါတို့အားလုံး) မဆုတ်မနစ် (မဆုတ်မနစ်) ဇွဲမလျှော့ဘဲ (ဇွဲမလျှော့ဘဲ) သတ္တိမွေး၍ (သတ္တိမွေး၍) သင်တို့ထုံးသို့နှလုံးမူကာ (သင်တို့ထုံးသို့နှလုံးမူကာ) ဆက်လက်၍ (ဆက်လက်၍) အရေးတော်ပုံကြီး ကို (အရေးတော်ပုံကြီးကို) ဆင်နွှဲသွားမည်ဖြစ်ကြောင်း (ဆင်နွှဲသွားမည်ဖြစ်ကြောင်း) ကျွန်တော်တို့ပြည်သူလူထုကြီး

က (ကျွန်တော်တို့ပြည်သူလူထုကြီးက) အကျဉ်းကျခံရဲဘော်အပေါင်းအား (အကျဉ်းကျခံရဲဘော်အပေါင်းအား) ဤရွှေတိဂုံခြေ တော်ရင်းမှ (ဤရွှေတိဂုံခြေတော်ရင်းမှ) . . .

**အခိုင်အမာ (အခိုင်အမာ)၊ သစ္စာဆိုပါတယ် (သစ္စာဆိုပါတယ်)။**
**အခိုင်အမာ (အခိုင်အမာ)၊ သစ္စာဆိုပါတယ် (သစ္စာဆိုပါတယ်)။**
**အခိုင်အမာ (အခိုင်အမာ)၊ သစ္စာဆိုပါတယ် (သစ္စာဆိုပါတယ်)။**

လက်ခုပ်သြဘာသံများ။

[ **မှတ်ချက်** . . . ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်မှ တိုင်ပေးသည်။ ]